ပုံစံ(၁၀)

နည်းဥပဒေ - ၈၇

ရေသွယ်ယူခွင့်လျှောက်လွှာပုံစံ

သို့

အမှုဆောင်အရာရှိ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

---------------------------မြို့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ရေသွယ်ယူခွင့်ပြုရန် လျှောက်ထားခြင်း

၁။ အောက်တွင်ဖော်ပြထားသည့် အဆောက်အဦးပိုင်ရှင် ကျွန်တော်/ကျွန်မ -------------က ဟားခါးမြို့-----------------ရပ်ကွက်၊ ------------------လမ်း၊ အိမ်အမှတ်( )သို့ အိမ်တွင်းမှု အခြားကိစ္စများအတွက် ရေသုံးစွဲရန်၊ ရပ်ကွက်နှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေပေးရေးမှ ရေကိုသွယ်ယူလိုကြောင်း လျှောက်ထားအပ်ပါသည်။

၂။ ကုန်ကျစရိတ်ငွေအားလုံးကို ကျွန်တော်/ကျွန်မက ကျခံရန် အသင့်ရှိသည့်အပြင် ဌာန ဆိုင်ရာအခကြေးငွေကိုလည်း ပေးဆောင်ပါမည်။

၃။ (၁/၂ ")အရွယ်အစားရှိ ရေပိုက်ဖြင့် ဆက်သွယ်လိုပြီး ပိုက်ခေါင်း(၁)ခု တပ်ဆင်ပါမည်။

၄။ အောက်ဖော်ပြပါ ကတိဝန်ခံချက်နှင့် ထောက်ခံစာများအား ပူးတွဲလျက် လျှောက်ထားအပ် ပါသည်။

ပူးတွဲစာများ

(က) စည်းကမ်းချက်များလိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်

(ခ ) စမ်းရေဖြစ်ပါက ကော်မတီ(၃)ဦး ထောက်ခံစာ

(ဂ ) မြို့ရေပေးရေး ရေဖြစ်ပါက အိမ်နီးချင်း(၃)ဦး ထောက်ခံစာ

(ဃ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ

လျှောက်ထားသူလက်မှတ်၊ -------------------------

လျှောက်ထားသူ၏အမည်၊ -------------------------

မှတ်ပုံတင်အမှတ်၊ -------------------------

နေရပ်လိပ်စာအပြည့်အစုံ၊ -------------------------

ဆက်သွယ်ရန်ဖုန်းနံပါတ်၊ -------------------------

ရေသွယ်ယူသုံးစွဲခြင်းအတွက် ကတိခံဝန်ပုံစံ

နည်းဥပဒေ-၈၇

----------------------------မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ရေပေးရေးမှ သောက်သုံးရေ ရယူသုံးစွဲရာတွင် စည်းကမ်းချ်များလိုက်နာမည်ဖြစ်ကြောင်း ကတိဂန်ခံချက်

၁။ ------------မြို့၊---------------------ရပ်ကွက်၊ ---------------------လမ်း၊ အိမ်အမှတ် ( )နေ ကျွန်တော်/ကျွန်မ---------------------သည် --------------မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သောက်သုံးရေရယူသုံးစွဲရာတွင် အောက်ပါစည်းကမ်းချက်များအား လိုက်နာပါမည်-

(၁) ------------မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်ရရှိမှသာ သွယ်ယူသုံးစွဲပါမည်ဖြစ်ပြီး မြို့နယ်စည်ပင်မှ တရားဂင်ဖွဲ့စည်းသော စမ်းရေထိန်းသိမ်းရေးကော်မတီ၏ စည်းကမ်းကိုလည်း လိုက်နာပါမည်။

(၂) -----------မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ပေးထားသော နေရာမှသာ သတ်မှတ်ထားသော ( ၁/၂ ' )ပိုက်ဖြင့် သွယ်ယူသုံးစွဲပါမည်။

(၃) မိမိသွယ်ယူခွင့်ရသော ဖြန့်ဝေလိုင်း(သို့) ထပ်ဆင့်ဖြန့်ဝေလိုင်းတစ်ပေါက်သည် မိမိတစ်အိမ်တည်းတွက်မဟုတ်ဘဲ အနီးအနားရှိအိမ်သွယ်ရေတိုင် ၄/၅တိုင်နှင့် အထက် တွဲ၍ သုံးစွဲရမည်ဖြစ်ကြောင်း သဘောတူနားလည်ပါသည်။(ယခုပြုစဉ်တွင် မိမိတစ်အိမ်တည်း(သို့မဟုတ်) နှစ်အိမ်တွဲ၊ သုံးအိမ်တွဲဖြစ်စေကာမူ နောင်တွင်လိုအပ်ပါက အိမ်ခြေပေါင်းများစွာနှင့်တွဲ၍ သုံးစွဲရမည်ဖြစ်ကြောင်း သဘောတူနားလည်ပါသည်။)

(၄) အိမ်သွယ်ရေလိုင်းတွင် ရေထိန်းခလုတ်နှင့် ရေခေါင်း စနစ်တကျထားရှိမည်ဖြစ်ပြီး မိမိရေပိုက်လိုင်းတစ်လျှောက်နှင့် ရေထိန်းခလုတ်၊ ရေခေါင်းပျက်စီးပါက ချက်ချင်းလဲလှယ်ပြုပြင်ရန် တာဂန်ယူပါမည်။

(၅) ရေထိန်းခလုတ်အား မိမိသဘောဖြင့်ကိုင်တယ်ခြင်းမပြုလုပ်ဘဲ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိဝန်ထမ်း(သို့)တာဂန်ပေးအပ်ခြင်းခံရသူမှ ရေဖွင့်ပေးချိန်၌သာ ရယူသုံးစွဲပါမည်။

(၆) အိမ်ရေသွယ်လိုင်းတွင် ရေမီတာတပ်ဆင်အသုံးပြုရမည်ဖြစ်ကြောင်းနှင့် ၎င်းရေမီတာအားမိမိအစီအစဉ်ဖြင့် တာဂန်ယူထိန်းသိမ်းရန်နှင့် ပျက်စီးဆုံးရှုံးမှုရှိပါက ကာလတန်ဖိုးအတိုင်း ပေးလျော်ရန်သဘောတူပါသည်။

(၇) မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သောက်သုံးရေရှားပါးလာမှုကြောင့် ပတ်ဝန်းကျင်ရေပေးရေထိခိုက်လာပါက အိမ်ရေသွယ်ယူခြင်းအား ဖျက်သိမ်းပြီး အများသုံးရေတိုင် စနစ်သို့ အချိန်မရွေး ပြန်လည်သတ်မှတ်ရမည်ဖြစ်ကြောင်း သဘောတူလက်ခံပါသည်။

(၈) စည်းကမ်းချက်နှင့်မညီညွတ်ခြင်းရှိပါက အိမ်သွယ်ရေတိုင် ဖြုတ်သိမ်း/ပယ်ဖျက်သည်အထိ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိနားလည်ပါသည်။

(၉) အိမ်သွယ်ရေတိုင် သွယ်ယူသုံးစွဲခွင့်သည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက်သာဖြစ်သဖြင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း မတ်လအတွင်း ဆက်လက်သုံးစွဲခွင့်ကို ကြိုတင်တင်ပြ လျှောက်ထားရမည်။

(၁၀) မည်သည့်စိမ့်စမ်းရေမဆို နိုင်ငံတော်ပိုင်၊ အများပြည်သူပိုင်ဖြစ်ကြောင်း သိရှိနားလည်ပြီး ဖြစ်ကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ စည်းကမ်းတကျသုံးစွဲ မည်ဖြစ်ကြောင်း ကတိပြုပါသည်။

၂။ အထက်ဖော်ပြပါစည်းကမ်းချက်များအား လိုက်နာရန်သဘောတူကြောင်း အောက်တွင် ဂဒ် ခံကတိလက်မှတ် ရေထိုးအပ်ပါသည်။

အမည်၊----------------------------
မှတ်ပုံတင်အမှတ်၊----------------------------
နေရပ်လိပ်စာအပြည့်အစုံ၊----------------------------
ဆက်သွယ်ရန်ဖုန်းနံပါတ်၊----------------------------

အသိသက်သေများ

| | |
|---|---|
| အမည်၊---------------------------- | အမည်၊---------------------------- |
| ရာထူး၊---------------------------- | ရာထူး၊---------------------------- |
| မှတ်ပုံတင်အမှတ်၊---------------------------- | မှတ်ပုံတင်အမှတ်၊---------------------------- |
| နေရပ်လိပ်စာအပြည့်အစုံ၊---------------------------- | နေရပ်လိပ်စာအပြည့်အစုံ၊---------------------------- |
| ဆက်သွယ်ရန်ဖုန်းနံပါတ်၊---------------------------- | ဆက်သွယ်ရန်ဖုန်းနံပါတ်၊---------------------------- |